# #WithTheRohingya
# Campaign Announcement

25 August 2021 is the 4-year anniversary of the brutal military crackdown against the Rohingya in Myanmar that resulted in mass human rights violations and caused over 700,000 Rohingya to flee to save their lives and be given shelter by Bangladesh. Today, approximately 1 million Rohingya live in overcrowded refugee camps in Cox's Bazar. Meanwhile, in Myanmar, hundreds of thousands remain internally displaced, and the country as a whole is in a state of crisis due to the military coup. And yet, despite the difficulties and uncertainty they face, the Rohingya demonstrate, on a daily basis, their resilience and strength.

Since 2019, Asia Justice and Rights (AJAR) and the Liberation War Museum (LWM) have been working with refugees in the camps and have witnessed their determination first hand. Carrying the trauma of the past and the uncertainty of the future, the refugees persist, tirelessly seeking out new ways to improve their circumstances while continuing to honor their culture and faith.

We invite you to stand **#WithTheRohingya**. AJAR, together with LWM, Sisters To Sisters, and other partners, will be hosting a 14-day campaign to highlight the resilience of the Rohingya and amplify their calls for justice and inclusion. **The campaign will run from 12 August (International Youth Day) to 25 August.**

## Activities

The campaign will consist of several activities, including:

- **Rohingya Youth Statement, 12 August 2021:** A statement by Rohingya youth working with AJAR and LWM for International Youth Day.
- **Briefing Papers, 20 August 2021:** The publication of a series of briefing papers developed from AJAR and LWM's participatory action research with Rohingya refugees.
- **Universal Declaration of Human Rights (UDHR) App Launch, 24 August 2021:** A virtual event to launch a new application containing an animated video about the UDHR and interactive cards on its articles.
- **25 August Statement, 25 August 2021:** A statement by AJAR to commemorate the events of 25 August 2017 and honor the resilience and calls for justice of The Rohingya.
- **Note Writing Initiative, 12-25 August 2021:** An open call, issued in conjunction with Sisters To Sisters, for messages from people around the world to the Rohingya. Please send notes to speakupformyanmar@protonmail.com.
- **Art Competition, 12-25 August 2021**: An open call for *original* art pieces inspired by #WithTheRohingya. Cash prizes will be awarded to 1st, 2nd, and 3rd place winners. Please send digital images of the art pieces to WithTheRohingya@protonmail.com.

In addition, the campaign will include a series of social media posts, the "Voices Series," consisting of quotes, artwork, and photographs by Rohingya refugees. Videos and learning materials related to international justice concepts and mechanisms will also be part of the campaign.

Please join us in showing solidarity #WithTheRohingya! Write a personal note. Create a piece of art. Follow the campaign on AJAR's Facebook page (https://www.facebook.com/asiajusticeandrights/) and Instagram account (@asiajusticerights).

**Those who stand for democracy, gender justice, and peace stand #WithTheRohingya!**

# ရိုဟင်ဂျာလူမျိုးများနှင့်အတူ (#WithTheRohingya)

# လှုပ်ရှားမှု ကြေညာချက်

ဩဂုတ်လ ၂၅ ရက် ၂၀၂၁ သည် မြန်မာပြည်တွင်းမှ ရိုဟင်ဂျာလူမျိုးများကို စစ်တပ်မှ ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းခြင်း၏ ၄ နှစ်မြောက် နှစ်ပါတ်လည်နေ့ဖြစ်ပါသည်။ ထိုရက်စက်မှုတွင် ပြည်သူများအား လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အသက်ဘေးမှ လွတ်မြောက်ရန်အတွက် မြန်မာပြည်မှ ရိုဟင်ဂျာ စုစုပေါင်း ခုနှစ်သိန်း (၇၀၀,၀၀၀) ကျော် ထွက်ပြေးခဲ့ရပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ခိုလှုံခွင့်ပေးထားခဲ့ရပါသည်။ ယနေ့အချိန်တွင် ကော့(စ်)ဘဇား ရှိ လူပြည့်ကျပ်နေသည့် ဒုက္ခသည်စခန်းများ၌ ရိုဟင်ဂျာ ဒုက္ခသည် စုစုပေါင်း တစ်သန်းနီးပါး နေထိုင်လျက်ရှိပါသည်။ ထိုအချိန်တွင် မြန်မာပြည်တွင်း၌လည်း သိန်းပေါင်းများစွာသော လူများသည် နေရပ်ကို စွန့်ခွါ၍ ထွက်ပြေး တိမ်းရှောင်နေရပြီး စစ်အာဏာသိမ်းမှုကြောင့် တစ်နိုင်ငံလုံး ဒုက္ခတွေ့ကြုံနေကြရပါသည်။ ထိုသို့ တွေ့ကြုံနေရသော အခက်အခဲများနှင့် မရေရာမှုများ ကြားမှပင်လျှင် ရိုဟင်ဂျာလူမျိုးများသည် သူတို့၏ ကြံ့ခိုင်မှု နှင့် ခွန်အားကို နေ့စဉ် ထုတ်ဖော်ပြသနေကြပါသည်။

၂၀၁၉ ခုနှစ်မှ စ၍ အာရှ တရားမျှတမှုနှင့် အခွင့်အရေး (Asia Justice and Rights - AJAR) နှင့် လွတ်မြောက်ရေး စစ်ပွဲ ပြတိုက် (Liberation War Museum) တို့သည် ဒုက္ခသည် စခန်းများမှ စစ်ဘေးရှောင် ရိုဟင်ဂျာ ဒုက္ခသည် များနှင့် အတူတကွ လက်တွဲ အလုပ်လုပ်လျက်ရှိပြီး သူတို့၏ စိတ်ဓာတ်ခိုင်မာပုံကို မျက်ဝါးထင်ထင်တွေ့မြင်နေခဲ့ရပါသည်။ အတိတ်၏ ဒါဏ်ရာများနှင့် အနာဂါတ်၏ မရေရာမှုများကို သယ်ဆောင်ရင်း ရိုဟင်ဂျာ ဒုက္ခသည်များသည် သူတို့၏ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများကို ဆက်လက်၍ လေးစားလိုက်နာလျက် သူတို့၏ အခြေအနေများ တိုးတက်ရာတိုးတက်ကြောင်းကို ဆက်လက်၍ အားသွန်ခွန်စိုက် ရှာဖွေလျက် ရှိကြပါသည်။

ပြည်သူ အားလုံးကို ရိုဟင်ဂျာလူမျိုးများနှင့်အတူ (**#WithTheRohingya**) ရပ်တည်ပေးရန် ဖိတ်ခေါ်ပါ သည်။ AJAR နှင့် LWM တို့သည် ညီအမများမှ ညီအမများသို့ (Sisters To Sisters) အပါအဝင် အခြား မိတ်ဆွေအဖွဲ့အစည်းများနှင့်အတူ လက်တွဲ၍ ရိုဟင်ဂျာလူမျိုးများ၏ ကြံ့ခိုင်မှုကို ပေါ်လွင်အောင် ထုတ်ဖော်ပြသရန်နှင့် သူတို့၏ တရားမျှတရေးနှင့် ပါဝင်ခွင့်ရရှိရေး ကြွေးကြော်သံကို အားဖြည့် မြှင့်တင်ပေးရန် အတွက် ၁၄ ရက်ကြာ လှုပ်ရှားမှုကို ပြုလုပ်သွားမည် ဖြစ်ပါသည်။

**ဤ လှုပ်ရှားမှုကို ဩဂုတ်လ ၁၂ ရက် (အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့) မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ပါသည်။**

## လှုပ်ရှားမှု အစီအစဉ်များ

ဤလှုပ်ရှားမှုတွင် အောက်ပါ အစီအစဉ်များ အပါအဝင် အခမ်းအနား နှင့် လှုပ်ရှားမှုများ အများအပြားပါဝင်ပါသည်။

- **ရိုဟင်ဂျာ လူငယ်များ၏ ထုတ်ပြန်ကြေညာချက် - ဩဂုတ်လ ၁၂ ရက် ၂၀၂၁ -** AJAR၊ LWM တို့နှင့် လက်တွဲလှုပ်ရှားလျက်ရှိသော ရိုဟင်ဂျာ လူငယ်များ၏ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အတွက် ထုတ်ပြန်ကြေညာချက်။
- **စာတန်းငယ်များ ထုတ်ဝေခြင်း - ဩဂုတ်လ ၂၀ ရက် ၂၀၂၁ -** AJAR နှင့် LWM တို့၏ ရိုဟင်ဂျာဒုက္ခသည်များနှင့် ပူးပေါင်း လှုပ်ရှားမှု သုတေသနမှ ပေါ်ထွက်လာသော စာတန်းငယ်များကို ထုတ်ပြန်ခြင်း။
- **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights - UDHR) အက်(ပ်) လွှင့်တင်ခြင်း - ဩဂုတ်လ ၂၄ ရက် ၂၀၂၁ -** UDHR အကြောင်း ကာတွန်းရုပ်ရှင် နှင့် UDHR ပုဒ်မများအကြောင်း လှုပ်ရှား ကားချပ်များ ပါဝင်သည့် ကွန်ပျူတာ အပလီကေးရှင်း ကို လွှင့်တင်သည့် ဗာတျူအယ် အခမ်းအနား။
- **ဩဂုတ်လ ၂၅ ရက် ထုတ်ပြန်ကြေညာချက် - ဩဂုတ်လ ၂၅ ရက် ၂၀၂၁ -** ဩဂုတ်လ ၂၅ ရက် ၂၀၁၇ တွင် ဖြစ်ပွါးခဲ့သည့် ဖြစ်ရပ်များ အထိမ်းအမှတ်နှင့် ရိုဟင်ဂျာလူမျိုးများ၏ ကြံ့ခိုင်မှုကိုဂုဏ်ပြုရန် နှင့် တရားမျှတမှုကိုတောင်းဆိုရန်အတွက် AJAR မှ ထုတ်ပြန်ကြေညာချက်။
- **စာတိုကလေး တစ်စောင် ပို့ခြင်း - ဩဂုတ်လ ၁၂ - ၂၅ ရက် ၂၀၂၁ -** အားလုံးကို ဖိတ်ခေါ်ခြင်း။ Sisters To Sisters နှင့် ပူးပေါင်း၍ ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်း ပြည်သူများထံမှ ရိုဟင်ဂျာများသို့ သတင်းစကား ပေးပို့ခြင်းအဖြစ် ပေးစာများ ရေးသားရန် ဖိတ်ခေါ်ပါသည်။ ပေးစာများကို အီးမေး(လ်)ဖြင့် speakupformyanmar@protonmail.com သို့ ပေးပို့ကြပါ။
- **ပန်းချီအနုပညာ ပြိုင်ပွဲ - ဩဂုတ်လ ၁၂ - ၂၅ ရက် ၂၀၂၁ -** #WithTheRohingya ကို ခံစား၍ မိမိကိုယ်တိုင် ဖန်တီးသော ပန်းချီ အနုပညာ လက်ရာများကို ပေးပို့ရန် ဖိတ်ခေါ်ပါသည်။ ပထမ၊ ဒုတိယ နှင့် တတိယ ဆုရှင်များကို ငွေကြေးဆု ချီးမြှင့်မည်ဖြစ်ပါသည်။ အနုပညာလက်ရာများ၏ ဒစ်ဂျစ်တယ် ဓာတ်ပုံများကို WithTheRohingya@protonmail.com သို့ပေးပို့ကြပါ။

ထို့အပြင် ဤလှုပ်ရှားမှုတွင် လူမှုမီဒီယာတွင် တင်ပေးမည့် အသံများ အစီအစဉ် (Voices Series) တွင် ရိုဟင်ဂျာ ဒုက္ခသည်များ ဖန်တီးသော ကောက်နုတ်ချက်များ၊ ပန်းချီ အနုပညာလက်ရာများ နှင့် ဓာတ်ပုံများ ပါဝင်ပါမည်။ အပြည်ပြည်ဆိုင်ရာ တရားမျှတမှုနှင့် တရားရေး ယန္တရားများ နှင့်သက်ဆိုင်သော ဗီဒီယို များနှင့် သင်ကြားရေး အထောက်အကူပြု ပစ္စည်းများသည်လဲ ဤလှုပ်ရှားမှု၏ အစိတ်အပိုင်းအဖြစ် ပါဝင်လိမ့်မည်ဖြစ်ပါသည်။

ပြည်သူများအားလုံးကို ရိုဟင်ဂျာများ နှင့် သွေးစည်း ညီညွတ်မှု ပြသရန်အတွက် ကျေးဇူးပြု၍ ပူးပေါင်းကြပါ (#WithTheRohingya) ဟု ဖိတ်ခေါ်ပါသည်။ ပေးစာကလေး တစ်စောင် ရေးပါ။ ပန်းချီ အနုပညာလက်ရာဖန်တီးပါ။ AJAR ၏ ဖေ့(စ်)ဘွတ်(ခ်) စာမျက်နှာ (https://www.facebook.com/asiajusticeandrights/) နှင့် အင်စတာဂရမ် (@asiajusticerights) ကို စောင့်မျှော်ကြည့်ရှုကြပါ။

## ဒီမိုကရေစီ၊ ကျားမ တရားမျှတရေး နှင့် ငြိမ်းချမ်းရေးအတွက် ရပ်တည်သူများအားလုံး

## ရိုဟင်ဂျာလူမျိုးများနှင့်အတူ (#WithTheRohingya)

## ရပ်တည်ကြ